ရက်စွဲ၊ – –

သို့

--------------------

--------------------

--------------------

# မေ့မွေဒါနပြုအပ်ပါသည်။

မှ

--------------------

--------------------

--------------------

## သက္ကပဉှဝတ္ထုတွင် မြတ်စွာဘုရားက သိကြားမင်းအား ဟောကြားတော်မူခဲ့သည့် ဂါထာတော်

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**
**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**
**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**
**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏၊
တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏။
တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏၊
တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံဆင်းရဲကို အောင်နိုင်၏။

**(ခုဒ္ဒကပါဌပါဠိတော်၊ နှာ-၆၄။ ခုဒ္ဒကပါဌပါဠိတော်မြန်မာပြန်၊ နှာ-၆၀)**

## အိန္ဒိယနိုင်ငံမှလာ၍ သီရိလင်္ကာနိုင်ငံတွင် အဋ္ဌကထာကျမ်းမြတ်ကြီး ကျမ်းပြုတော်မူသော အရှင်မဟာဗုဒ္ဓဃောသ၏ ဩဝါဒမြွက်ကြားချက်

''စကြဝဠာအပြည့် ထိုင်နေတော်မူသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား ပစ္စည်းလေးပါး ဒါယကာအဖြစ် ကပ်လှူပူဇော်ရခြင်းထက် ၄-ပါဒမျှရှိသော ဗုဒ္ဓ၏တရားတော်မြတ် တစ်ကြောင်း၊ တစ်ဂါထာ၊ တစ်ပိုဒ်ကို သင်အံ၊ လေ့ကျက်၊ ပို့ချ၊ ဆွေးနွေး၊ ဟောပြော၊ ဖြန့်ဝေခြင်းက ပို၍မြတ်၏''ဟု အရှင်မဟာဗုဒ္ဓဃောသသည် ''သက္ကပဉှဝတ္ထု''တွင် ဖွင့်ဆိုမိန့်ကြားတော်မူခဲ့ပါသည်။

**(ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ-၃၅၂)**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

# အဘယသုတ်

## (ပါဠိ-မြန်မာပြန်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ - ၂၅၆၇ ကောဇာ - ၁၃၈၅ ခရစ် - ၂၀၂၄

စာအုပ်တန်ဖိုး – ၁၇၀၀ ကျပ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၌
ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး
မှတ်ပုံတင်အမှတ် (၀၀၁၀၄/၀၀၂၃၀)က
ပုံနှိပ်ထုတ်ဝေသည်။

# အဘယသုတ်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | [ဂ] |
| ၂။ | စိန်ရောင်ခြည်ဘုရားပင့် | ၁ |
| ၃။ | ငါးပါးသီလခံယူဆောက်တည်ခြင်း | ၃ |
| ၄။ | နတ်များကို ဖိတ်မန္တကပြုခြင်း | ၅ |
| ၅။ | အဘယသုတ်ပါဠိတော် | ၇ |
| ၆။ | အဘယသုတ်မြန်မာပြန် | ၁၁ |
| ၇။ | မေတ္တာပွားနည်း (၁၁)နည်း | ၁၆ |
| ၈။ | အမျှဝေ | ၁၈ |
| ၉။ | ဆုတောင်းပါဠိနှင့်နိဿယ | ၁၉ |
| ၁၀။ | နတ်ပြဟ္မာများအား ပြန်ပို့ရန်ဂါထာ | ၂၀ |
| ၁၁။ | နှိုးဆော်ပန်ကြားလွှာ | ၂၂ |

# နိဒါန်း

## အဘယသုတ်တော်

အဘယသုတ်တော်သည် ဇာဏုသောဏိပုဏ္ဏား၏ မေးခွန်းများကို မြတ်စွာဘုရားရှင်က ဖြေဆိုတော်မူထားသော သုတ္တန်ဖြစ်ပါသည်။

အခါတစ်ပါးတွင် ဇာဏုသောဏိပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်ထံသို့ ရောက်ရှိလာကာ သူ၏အယူအဆနှင့်ပတ်သက်၍ ''သေခြင်းသဘောရှိသည်ဖြစ်ပါလျက် သေခြင်းကို မကြောက်သော, သေခြင်းကို မထိတ်လန့်သော သူသည် မရှိ''ဟု လျှောက်ထားရာ မြတ်စွာဘုရားရှင်က ''သေခြင်းသဘောရှိသည်ဖြစ်ပါလျက် သေခြင်းကို ကြောက်သူများ ရှိသကဲ့သို့ သေခြင်းကို မကြောက်သူများလည်း ရှိသည်''ဟု အစချီကာ **အဘယသုတ်တော်**ကို ဟောကြားတော်မူခဲ့ပါသည်။

## အဘယသုတ်တော်ဂုဏ်ရည်

အဘယသုတ်တော်တွင် သတ္တဝါတိုင်း ရှောင်လွှဲ၍မရသော သေခြင်းတရားနှင့်ပတ်သက်၍ သေခြင်းတရားကို ကြောက်သူ၊ သေခြင်းတရားကို မကြောက်သူဟု အုပ်စုနှစ်စု ခွဲခြားကာ သေခြင်းတရားကို ကြောက်သူများမှာ—

–ကာမဂုဏ်တို့၌ တက်မက်ခြင်း မကင်းသူ

–ကိုယ်ခန္ဓာ၌ တက်မက်ခြင်း မကင်းသူ

–ကုသိုလ်ကောင်းမှုမပြုလုပ်ဘဲ မကောင်းမှုအကုသိုလ်များကို ပြုလုပ်သူ

–သူတော်ကောင်းတရား၌ တွေးတောယုံမှားသူများ ဖြစ်ပြီး

သေခြင်းတရားကို မကြောက်သူများမှာ—

–ကာမဂုဏ်တို့၌ တက်မက်ခြင်း ကင်းသူ

–ကိုယ်ခန္ဓာ၌ တက်မက်ခြင်း ကင်းသူ

–မကောင်းမှုအကုသိုလ်ကိုမပြုလုပ်ဘဲ ကောင်းမှုကုသိုလ်များကို ပြုလုပ်သူ

–သူတော်ကောင်းတရား၌ တွေးတောယုံမှားခြင်း မရှိသူများ ဖြစ်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားတော်မူထားပါသည်။

# နိဒါန်း

အသက်ခန္ဓာရလာသူတိုင်း တွေ့ကြုံရမည်ဖြစ်သော သေခြင်းတရားကို ရင်ဆိုင်နိုင်ရန် ဟောကြားတော်မူထားသည့် အဘယသုတ်တော်ကို ရွတ်ဆိုပူဇော်ပွားများခြင်းအားဖြင့် သေခြင်းတရားကို ထိတ်လန့်ကြောက်ရွံ့မှုနည်းပါးခြင်း၊ ကာမဂုဏ်တို့၌ တက်မက်မှုနည်းပါးခြင်း၊ မိမိကိုယ်ခန္ဓာ၌ တပ်မက်မှုနည်းပါးခြင်း၊ ကုသိုလ်ကောင်းမှု ပြုလိုစိတ်များ တိုးပွားခြင်း၊ သူတော်ကောင်းတရားများကို နာကြားလိုစိတ် တိုးပွားခြင်းစသော အကျိုးတရားများကို ရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ **အဘယသုတ်တော်**ကို အလွယ်တကူ ရွတ်ဆိုပွားများပူဇော်နိုင်ရန်နှင့် အနက်အဓိပ္ပာယ်ကိုပါ အလွယ်တကူ သိရှိနိုင်ရန် မြန်မာပြန်နှင့်တကွ ဘုရားပင့်ခြင်း၊ သီလခံယူဆောက်တည်ခြင်း၊ နတ်များကို ပင့်ဖိတ်ခြင်းစသည်တို့ဖြင့် အစ,အလယ်,အဆုံး ပြည့်စုံစွာ စီစဉ်၍ ဤ**"အဘယသုတ် (ပါဠိ-မြန်မာပြန်)"**ကို ပုံနှိပ်ထုတ်ဝေအပ်ပါသတည်း။

**သာသနာရေးဦးစီးဌာန**

# အဘယသုတ်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

---

## စိန်ရောင်ခြည်ဘုရားပင့်

**အင်္ဂီရသဿ ဥဏ္ဏာယ၊**
**ဒါဌာဟိ သေတရံသိယော။**
**ဝဇိရာဝ ဝိရောစန္တိ၊**
**ဇိနော မေ ဌာတု သီသကေ။**

**အင်္ဂီရသဿ၊** အယုတ် အလတ် အမြတ်ပိုင်းခြား လွန်ကြီးမား၍ သုံးပါးဆယ်လီ ပါရမီတော်အဟုန် စာဂီတော်ဂုဏ်တို့ကြောင့် ခြောက်ရောင်စုံ ကွန့်မြူးလျက် '**အင်္ဂီရသ**'ဆိုတဲ့ ဘွဲ့ထူးကို အံ့ကျူးခံ့ခိုင် ဖက်မပြိုင်နိုင်အောင် လက်ကိုင်ရရှိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။

**ဘမုကန္တရေ၊** မျက်ခုံးတော်နှစ်သွယ် အလယ်ဗဟိုတည့်တည့်၌။

**သဉ္ဇာတာယ၊** နုဖြူထွားထွား ကောင်းစွာပေါက်ပွား ဖြစ်ပေါ်၍ လာတော်မူသော။

**ဥဏ္ဏာယစ၊** ဆွဲလို့ဆန့်လျှင် နှစ်တောင်ခန့် ရှည်လျားသဖြင့် စိန်သားနှစ်အသွင် ငွေနန်းချည်အမျှင်ကဲ့သို့ ဖြူစင်ဝင်းသစ် လက်ယာရစ်ခွေရံ့ စိန်ကြယ်ပွင့်အနေပုံလို ဥဏ္ဏာလုံခေါ် မွေးရှင်တော်ဓာတ် လွန်ထူးမြတ်သည့် အရပ်တော်မှလည်းကောင်း။

**ဒါဌာဟိစ၊** ပတ္တမြားခေါင်ရန်း နှင်းဆီပန်းကဲ့သို့ နီမြန်းသော နှုတ်ခမ်းတော်တို့ဖြင့် မပေါ်အောင်ဖုံးပိတ်၍ ထားအပ်သော သွားတော်လေးဆယ် စွယ်တော်လေးဆူ ဖြူရာရာဓာတ်တော်ထူးတို့မှလည်းကောင်း။

**သောတရံသိယော၊** ပုလဲအနှစ် စိန်စစ်နမူ ဘော်ဖြူငွေရွက် ဖြန့်ကြက်စီခြယ် ငွေကြယ်ရောင်သန်း ကေလာသငွေတောင်ကို နေအရောင်လွှမ်းဘိသကဲ့သို့ မြတ်လေးပန်းစပယ်ငုံ ကြာဖြူပွင့်ဝတ်မှုန်လို ပုံပမာကပ် စိန်တောင်ကို တိမ်ရောင် ဟပ်ဘိသကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ် တရိပ်ရိပ် တလည်လည် ထိန်ပြောင် ကြည်တဲ့ စိန်ရောင်ခြည်ဓာတ် ဖြူဖွေးသော အဆင်းတော်မြတ်တို့သည်။

**ဝဇိရာဝ၊** စိန်နှစ်စိန်သွေး ဖြူဖွေးတောက်ပြောင် စိန်သားတောင်ကြီးကဲ့သို့။

**ဝိရောစန္တိ၊** ဖူးမြင်ရသူတို့၏ စိတ်ဝယ်အထူး ဘဝင်မှာကြည်နူးလောက်အောင် ရွှင်မြူးတက်ကြွ ဘက်မမျှသဖြင့် လှပဆန်းကြယ် တင့်တယ်တော်မူကြပါပေ ကုန်၏။

**သော ဇိနော၊** ထူးထွေဆန်းလည် စိန်ရောင်ခြည်တို့ကြောင့် အင်္ဂီရသံ ဘွဲ့ထူးခံ သည့် ငါးမာရ်အောင်ပြီး ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။

**မေ မမ၊** ရုပ်နှင့်နာမ်သာ ထိုနှစ်ဖြာကို သက္ကာယစွဲ အထင်လွဲ၍ ငါပဲသမုတ် အကျွန်ုပ်၏။

**သီသကေ၊** ဦးခေါင်းရတနာ မြတ်ရာထားတင် ဦးထိပ်ပြင်၌။

**ဌာတု၊** ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေမှု မေတ္တာပြု၍ ကြည့်ရှုကိုယ်တိုင် ခိုင်ခိုင်မတ်မတ် တန့်ရပ်တည်နေတော်မူလှည့်ပါ့ စိန်ရောင်ခြည် နေတန္ဒူန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

(လယ်တီပဏ္ဍိတ–ဦးမောင်ကြီး)

# ဩကာသကန်တော့ချိုး

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာ ရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

**အပါယ်လေးပါး** = ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ။

**ကပ်သုံးပါး** = ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်၊ ရောဂန္တရကပ်။

**ရပ်ပြစ်ရှစ်ပါး** = ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊ အသညသတ်ဘုံနှင့် အရူပ-ပြဟ္မာဘုံ၊ ပစ္စန္တရစ်အရပ်(ဘုရားမပွင့်ရာအရပ်)၊ မိစ္ဆာဒိဋ္ဌိ၊ ဉာဏ်ပညာမရှိသူ၊ ဘုရားမပွင့်ရာအခါ၌ လူဖြစ်ရခြင်း။

**ရန်သူမျိုးငါးပါး** = ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ။

**ဝိပတ္တိတရားလေးပါး** = အပါယ်ဘုံ၌ဖြစ်ရခြင်း၊ ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း၊ တရားမစောင့်သူတို့၏ လက်ထက်၌ဖြစ်ရခြင်း၊ အကုသိုလ်ကိုသာ အားထုတ်၍ အကျင့်ပျက်စီးခြင်း။

**ဗျသနတရားငါးပါး** = ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ ရောဂါနှိပ်စက်၍ ပျက်စီးခြင်း၊ အယူဝါဒလွဲမှားပျက်စီးခြင်း၊ အကျင့်သီလ ပျက်စီးခြင်း။

----------

# ငါးပါးသီလ ခံယူဆောက်တည်ခြင်း

**အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ ။**

**ဒုတိယမ္ပိ- အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

တတိယမ္ပိ – အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ ။

အာမ ဘန္တေ။

----------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးကြိမ်)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အာမ ဘန္တေ။

----------

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။)

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။)

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါး၏ သားမယားကို ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါ၏။)

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(မဟုတ်မမှန် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။)

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(သေရည်သေရက်ကို သောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်ပါ၏။)

အာမ ဘန္တေ။

----------

# အဘယသုတ်တော်မရွတ်မီ ရှေးဦးစွာ နတ်များကို ဖိတ်မန္တကပြုခြင်း

**သမန္တာ စက္ကဝါဠေသု၊ အတြာ'ဂစ္ဆန္တု ဒေဝတာ။**
**သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။**
**(ဓမ္မဿဝနကာလော အယံ ဘဒန္တာ။)**[၃]

**သမန္တာ** – ဝန်းကျင်ပတ်ချာ ရပ်ဆယ်မျက်နှာမှ။

**စက္ကဝါဠေသု** – ရှစ်သောင်းနှစ်ထောင် အမြင့်ဆောင်သည့် စကြဝဠာ တောင်ရစ်ဝိုက် တစ်သောင်းသော လောကဓာတ်တိုက်တို့၌။

**ဝသန္တာ** – ကြည်သာချမ်းမြ နေထိုင်ကြကုန်သော။

**ဒေဝတာ** – ရောင်ဝါတန်ခိုး ကဲမိုးကြီးမား နတ်အများတို့သည်။

**အတြ** – အဘယသုတ်တော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ရာ ဤနေရာဌာနသို့။

**အာဂစ္ဆန္တု** – ညီညာဖြဖြ စည်းဝေးလာရောက်ကြကုန်လော့။

**မုနိရာဇဿ** – သုံးတိုက်ထွတ်တင် ဘုရင်ဥက္ကဋ္ဌ ရဟန်းမင်းကြီးဖြစ်တော်မူသော မြတ်စွာဘုရား၏။

**သဂ္ဂမောက္ခဒံ** – နတ်ရွာနိဗ္ဗာန် ကျိုးနှစ်တန်ကို ကောန်ဆတ်ဆတ် ပေးဝေတတ်သည့်။

**သဒ္ဓမ္မံ** – ချီးမွမ်းအံ့အား ပြောဆို၍ မကုန်နိုင်သော အဘယသုတ်တော် သူတော်ကောင်းတရားကို။

**သုဏန္တု** – ရိုသေတုပ်ကွ နာလှည့်ကြကုန်လော့။

**[ဘဒန္တာ** – ညီညာဖြဖြ စည်းဝေးလာရောက်ကြသည့် ဓမ္မမာမက အိုနတ်များတို့။

**အယံ ကာလော** – ဤသည့်ကာလ ခါသမယသည်ကား။

**ဓမ္မဿဝန ကာလော** – သုံးခွင်ထွတ်ထား ရှင်တော်ဘုရား၏ အဘယသုတ်တော် နာကြားရမည့် အခါပေတည်း။ (၃–ခါက်)]

အင်္ဂုတ္တရနိကာယ၊ စတုက္ကနိပါတပါဠိ

# အဘယသုတ္တ

၁။ အထ ခေါ ဇာဏုဿောဏိ ဗြာဟ္မဏော ယေန ဘဂဝါ တေနုပ-သင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝတာ သဒ္ဓိံ သမ္မောဒိ၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ ဇာဏုဿောဏိ ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ—

၂။ အဟံ ဟိ ဘော ဂေါတမ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ ''နတ္ထိ ယော မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏဿာ''တိ။ အတ္ထိ ဗြာဟ္မဏ မရဏဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏဿ။ အတ္ထိ ပန ဗြာဟ္မဏ မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏဿ။

၃။ ကတမော စ ဗြာဟ္မဏ မရဏဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏဿ? ဣဓ ဗြာဟ္မဏ ဧကစ္စော ကာမေသု အဝီတရာဂေါ ဟောတိ အဝိဂတစ္ဆန္ဒော အဝိဂတပေမော အဝိဂတပိပါသော အဝိဂတ-ပရိဠာဟော အဝိဂတတဏှော၊ တမေနံ အညတရော ဂါဠှော ရောဂါတင်္ကော ဖုသတိ၊ တဿ အညတရေန ဂါဠှေန ရောဂါတင်္ကေန ဖုဋ္ဌဿ ဧဝံ ဟောတိ ''ပိယာ ဝတ မံ ကာမာ ဇဟိဿန္တိ၊ ပိယေ စာဟံ ကာမေ ဇဟိဿာမီ''တိ။ သော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ။ အယံ ခေါ ဗြာဟ္မဏ မရဏဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏဿ။

၄။ ပုန စပရံ ဗြာဟ္မဏာ ဣဓေကစ္စော ကာယေ အဝီတရာဂေါ ဟောတိ အဝိဂတစ္ဆန္ဒော အဝိဂတပေမော အဝိဂတပိပါသော အဝိဂတပရိဠာဟော အဝိဂတတဏှော၊ တမေနံ အညတရော ဂါဠှော ရောဂါတင်္ကော ဖုသတိ၊ တဿ အညတရေန ဂါဠှေန ရောဂါတင်္ကေန ဖုဋ္ဌဿ ဧဝံ ဟောတိ ''ပိယော ဝတ မံ ကာယော ဇဟိဿတိ၊ ပိယဉ္စာဟံ ကာယံ ဇဟိဿာမီ''တိ။ သော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ။ အယမ္ပိ ခေါ ဗြာဟ္မဏ မရဏဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏဿ။

၅။ ပုန စပရံ ဗြာဟ္မဏာ ဣဓေကစ္စော အကတကလျာဏော ဟောတိ အကတကုသလော အကတဘီရုတ္တာဏော၊ ကတပါပေါ ကတ-လုဒ္ဒေါ ကတကိဗ္ဗိသော။ တမေနံ အညတရော ဂါဠှော ရောဂါတင်္ကော ဖုသတိ၊ တဿ အညတရေန ဂါဠှေန ရောဂါတင်္ကေန ဖုဋ္ဌဿ ဧဝံ ဟောတိ ''အကတံ ဝတ မေ ကလျာဏံ, အကတံ ကုသလံ, အကတံ ဘီရုတ္တာဏံ၊ ကတံ ပါပံ, ကတံ လုဒ္ဒံ, ကတံ ကိဗ္ဗိသံ။ ယာဝတာ ဘော အကတ-ကလျာဏာနံ အကတကုသလာနံ အကတဘီရုတ္တာဏာနံ ကတပါပါနံ ကတလုဒ္ဒါနံ ကတကိဗ္ဗိသာနံ ဂတိ၊ တံ ဂတိံ ပေစ္စ ဂစ္ဆာမီ''တိ။ သော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ။ အယမ္ပိ ခေါ ဗြာဟ္မဏ မရဏဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏဿ။

၆။ ပုန စပရံ ဗြာဟ္မဏ ဣဓေကစ္စော ကင်္ခီ ဟောတိ ဝိစိကိစ္ဆီ အနိဋ္ဌင်္ဂတော သဒ္ဓမ္မေ၊ တမေနံ အညတရော ဂါဠှော ရောဂါတင်္ကော ဖုသတိ၊ တဿ အညတရေန ဂါဠှေန ရောဂါတင်္ကေန ဖုဋ္ဌဿ ဧဝံ ဟောတိ ''ကင်္ခီ ဝတမှိ ဝိစိကိစ္ဆီ အနိဋ္ဌင်္ဂတော သဒ္ဓမ္မေ''တိ။ သော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ။ အယမ္ပိ

ခေါ ဗြာဟ္မဏာ မရဏာဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏာသ္မာ။ ဣမေ ခေါ ဗြာဟ္မဏ စတ္တာရော မရဏဓမ္မာ သမာနာ ဘာယန္တိ၊ သန္တာသံ အာပဇ္ဇန္တိ မရဏသ္မာ။

၇။ ကတမော စ ဗြာဟ္မဏ မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏသ္မာ? ဣဓ ဗြာဟ္မဏ ဧကစ္စော ကာမေသု ဝီတရာဂေါ ဟောတိ ဝိဂတစ္ဆန္ဒော ဝိဂတပေမော ဝိဂတပိပါသော ဝိဂတပရိဠာဟော ဝိဂတတဏှော၊ တမေနံ အညတရော ဂါဠှော ရောဂါ-တင်္ကော ဖုသတိ၊ တဿ အညတရေန ဂါဠှေန ရောဂါတင်္ကေန ဖုဋ္ဌဿ န ဧဝံ ဟောတိ "ပိယာ ဝတ မံ ကာမာ ဇဟိဿန္တိ၊ ပိယေ စာဟံ ကာမေ ဇဟိဿာမီ"တိ။ သော န သောစတိ န ကိလမတိ န ပရိဒေဝတိ န ဥရတ္တာဠိံ ကန္ဒတိ န သမ္မောဟံ အာပဇ္ဇတိ။ အယံ ခေါ ဗြာဟ္မဏ မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏသ္မာ။

၈။ ပုန စပရံ ဗြာဟ္မဏ ဣဓေကစ္စော ကာယေ ဝီတရာဂေါ ဟောတိ ဝိဂတစ္ဆန္ဒော ဝိဂတပေမော ဝိဂတပိပါသော ဝိဂတပရိဠာဟော ဝိဂတ-တဏှော၊ တမေနံ အညတရော ဂါဠှော ရောဂါတင်္ကော ဖုသတိ၊ တဿ အညတရေန ဂါဠှေန ရောဂါတင်္ကေန ဖုဋ္ဌဿ န ဧဝံ ဟောတိ "ပိယော ဝတ မံ ကာယော ဇဟိဿတိ၊ ပိယဉ္စာဟံ ကာယံ ဇဟိဿာမီ"တိ။ သော န သောစတိ န ကိလမတိ န ပရိဒေဝတိ န ဥရတ္တာဠိံ ကန္ဒတိ န သမ္မောဟံ အာပဇ္ဇတိ။ အယမ္ပိ ခေါ ဗြာဟ္မဏ မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏသ္မာ။

၉။ ပုန စပရံ ဗြာဟ္မဏ ဣဓေကစ္စော အကတပါပေါ ဟောတိ အကတလုဒ္ဒေါ အကတကိဗ္ဗိသော၊ ကတကလျာဏော ကတကုသလော ကတဘီရုတ္တာဏော။ တမေနံ အညတရော ဂါဠှော ရောဂါတင်္ကော ဖုသတိ၊ တဿ အညတရေန ဂါဠှေန ရောဂါတင်္ကေန ဖုဋ္ဌဿ ဧဝံ ဟောတိ

''အကတံ ဝတ မေ ပါပံ, အကတံ လုဒ္ဒံ, အကတံ ကိဗ္ဗိသံ၊ ကတံ ကလျာဏံ, ကတံ ကုသလံ, ကတံ ဘီရုတ္တာဏံ။ ယာဝတာ ဘော အကတပါပါနံ အကတလုဒ္ဒါနံ အကတကိဗ္ဗိသာနံ ကတကလျာဏာနံ ကတကုသလာနံ ကတဘီရုတ္တာဏာနံ ဂတိ၊ တံ ဂတိံ ပေစ္စ ဂစ္ဆာမီ''တိ။ သော န သောစတိ န ကိလမတိ န ပရိဒေဝတိ န ဥရတ္တာဠိံ ကန္ဒတိ န သမ္မောဟံ အာပဇ္ဇတိ။ အယမ္ပိ ခေါ ဗြာဟ္မဏ မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏဿ။

၁၀။ ပုန စပရံ ဗြာဟ္မဏ ဣဓေကစ္စော အကင်္ခီ ဟောတိ အဝိစိကိစ္ဆီ နိဋ္ဌင်္ဂတော သဒ္ဓမ္မေ၊ တမေနံ အညတရော ဂါဠှော ရောဂါတင်္ကော ဖုသတိ၊ တဿ အညတရေန ဂါဠှေန ရောဂါတင်္ကေန ဖုဋ္ဌဿ ဧဝံ ဟောတိ ''အကင်္ခီ ဝတမှိ အဝိစိကိစ္ဆီ နိဋ္ဌင်္ဂတော သဒ္ဓမ္မေ''တိ။ သော န သောစတိ န ကိလမတိ န ပရိဒေဝတိ န ဥရတ္တာဠိံ ကန္ဒတိ န သမ္မောဟံ အာပဇ္ဇတိ။ အယမ္ပိ ခေါ ဗြာဟ္မဏ မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏဿ။ ဣမေ ခေါ ဗြာဟ္မဏ စတ္တာရော မရဏဓမ္မာ သမာနာ န ဘာယန္တိ၊ န သန္တာသံ အာပဇ္ဇန္တိ မရဏဿာတိ။

၁၁။ အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ။ပ။ ဥပါသကံ မံ ဘဝံ ဂေါတမော ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ။ ။

# အဘယသုတ် မြန်မာပြန်

၁။ ထိုအခါ ဓာဏုသောဏိပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်-ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တစ်ခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

၂။ အရှင်ဂေါတမ ''သေခြင်းသဘောရှိသည် ဖြစ်ပါလျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော သူမည်သည် မရှိနိုင်''ဟု အကျွန်ုပ် ဤသို့ ဝါဒရှိပါသည်၊ ဤသို့ အယူရှိပါသည်ဟု (လျှောက်၏)။ ပုဏ္ဏား. . . . သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သောသူလည်း ရှိ၏။ ပုဏ္ဏား သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သောသူလည်း ရှိ၏။

၃။ ပုဏ္ဏား. . . . သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သောသူဟူသည် အဘယ်နည်း? ပုဏ္ဏား. . . . ဤလောက၌ အချို့သောသူသည် ကာမဂုဏ်တို့၌ မကင်းသောရာဂရှိ၏၊ မကင်းသော ဆန္ဒရှိ၏၊ မကင်းသော ချစ်မြတ်နိုးခြင်းရှိ၏၊ မကင်းသော မွတ်သိပ်ခြင်းရှိ၏၊ မကင်းသော ပူပန်ခြင်းရှိ၏၊ မကင်းသော တဏှာရှိ၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်သူအား ''ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့သည် ငါ့ကို ကေန်စွန့်ကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့ကို စွန့်ရတော့မည်''ဟု အကြံဖြစ်၏။ ထိုသူသည် စိုးရိမ်၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာတွေဝေခြင်းသို့ ရောက်၏။ ပုဏ္ဏား. . . . သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သောသူဟူသည် ဤသူပင်တည်း။

၄။ ပုဏ္ဏား. . . . နောက်တစ်မျိုးကား— ဤလောက၌ အချို့သောသူသည် ကိုယ်၌ မကောင်းသော ရာဂရှိ၏၊ မကောင်းသော ဆန္ဒရှိ၏၊ မကောင်းသော ချစ်မြတ်နိုးခြင်းရှိ၏၊ မကောင်းသော မွတ်သိပ်ခြင်းရှိ၏၊ မကောင်းသော ပူပန်ခြင်းရှိ၏၊ မကောင်းသော တဏှာရှိ၏၊ ထိုသူသို့ ပြင်းပြသောရောဂါ အနာတစ်မျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာတစ်မျိုးမျိုး ကျရောက်သူအား ''ချစ်ခင်ဖွယ်ရာ ကိုယ်သည် ငါ့ကို ကေန်စွန့်လိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာ ကိုယ်ကို စွန့်ရတော့မည်''ဟု အကြံဖြစ်၏။ ထိုသူသည် စိုးရိမ်၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာတွေဝေခြင်းသို့ ရောက်၏။ ပုဏ္ဏား. . . . သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သောသူဟူသည် ဤသူပင်တည်း။

၅။ ပုဏ္ဏား. . . . နောက်တစ်မျိုးကား—ဤလောက၌ အချို့သောသူသည် ကောင်းမှုကို မပြုရသေး၊ ကုသိုလ်ကို မပြုရသေး၊ ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို မပြုရသေး၊ မကောင်းမှုကို ပြုပြီးဖြစ်နေ၏၊ ကြမ်းကြုတ်မှုကို ပြုပြီးဖြစ်နေ၏၊ ညစ်နွမ်းမှု (အကုသိုလ်)ကို ပြုပြီးဖြစ်နေ၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်သူအား ''ငါသည် ကောင်းမှုကို မပြုမိလေစွတကား၊ ကုသိုလ်ကို မပြုမိလေစွတကား၊ ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို မပြုမိလေစွတကား၊ မကောင်းမှုကို ပြုမိခဲ့ပြီတကား၊ ကြမ်းကြုတ်မှုကို ပြုမိခဲ့ပြီတကား၊ ညစ်နွမ်းမှုကို ပြုမိခဲ့ပြီတကား၊ အချင်းတို့. . . . ကောင်းမှုကို မပြုရသေးသော ကုသိုလ်ကို မပြုရသေးသော ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို မပြုရသေးသော မကောင်းမှုကို ပြုပြီးဖြစ်နေသော ကြမ်းကြုတ်မှုကို ပြုပြီးဖြစ်နေသော ညစ်နွမ်းမှုကို ပြုပြီးဖြစ်နေသောပုဂ္ဂိုလ်တို့၏ လားရာ'ဂတိ'ဟူသမျှသို့ ဘဝနောင်ခါ ငါလားရတော့အံ့တကား''ဟု ဤသို့ အကြံဖြစ်၏။ ထိုသူသည် ပူဆွေး၏၊

ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။ ပုဏ္ဏား. . . . သေခြင်းသဘော ရှိသည်ဖြစ်လျက် သေခြင်းမှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သောသူဟူသည် ဤသူပင်တည်း။

၆။ ပုဏ္ဏား. . . . နောက်တစ်မျိုးကား—ဤလောက၌ အချို့သောသူသည် သူတော်ကောင်းတရား၌ ယုံမှား၏၊ မဝေခွဲနိုင်၊ ဆုံးဖြတ်ခြင်းသို့ မရောက်နိုင်၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်သူအား ''စင်စစ် ငါသည် သူတော်ကောင်း တရား၌ ယုံမှားခဲ့စွတကား၊ မဝေခွဲနိုင်ခဲ့စွတကား၊ မဆုံးဖြတ်နိုင်ခဲ့စွတကား''ဟု အကြံဖြစ်၏။ ထိုသူသည် စိုးရိမ်၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာတွေဝေခြင်းသို့ ရောက်၏။ ပုဏ္ဏား. . . . သေခြင်းသဘော ရှိသည်ဖြစ်လျက် သေခြင်းမှကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သောသူ ဟူသည် ဤသူပင်တည်း။

ပုဏ္ဏား. . . . သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှ ကြောက်သောသူတို့သည် ဤလေးမျိုးတို့တည်း။

၇။ ပုဏ္ဏား. . . . သေခြင်းသဘော ရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက် သော ထိတ်လန့်ခြင်းသို့ မရောက်သောသူဟူသည် အဘယ်နည်း? ပုဏ္ဏား. . . . ဤလောက၌ အချို့သောသူသည် ကာမဂုဏ်တို့၌ ရာဂကင်း၏၊ ဆန္ဒကင်း၏၊ ချစ်မြတ်နိုးခြင်းကင်း၏၊ မွတ်သိပ်ခြင်းကင်း၏၊ ပူပန်ခြင်းကင်း၏၊ တဏှာကင်း၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်သူအား ''ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့သည် ငါ့ကို ကေန်စွန့်ကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့ကို စွန့်ရတော့မည်''ဟု အကြံမဖြစ်။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ပုဏ္ဏား. . . . သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သောသူဟူသည် ဤသူပင်တည်း။

၈။ ပုဏ္ဏား. . . . နောက်တစ်မျိုးကား— ဤလောက၌ အချို့သောသူသည် ကိုယ်၌ ရာဂကင်း၏၊ ဆန္ဒကင်း၏၊ ချစ်မြတ်နိုးခြင်းကင်း၏၊ မွတ်သိပ်ခြင်းကင်း၏၊ ပူပန်ခြင်းကင်း၏၊ တဏှာကင်း၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်သူအား ''ချစ်ခင်ဖွယ်ရာ ကိုယ်သည် ငါ့ကို ကေန်စွန့်လိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာ ကိုယ်ကို စွန့်ရတော့မည်''ဟု အကြံမဖြစ်။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာတွေဝေခြင်းသို့ မရောက်။ ပုဏ္ဏား. . . . သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သောသူဟူသည် ဤသူပင်တည်း။

၉။ ပုဏ္ဏား. . . . နောက်တစ်မျိုးကား— ဤလောက၌ အချို့သောသူသည် မကောင်းမှုကို မပြု၊ ကြမ်းကြုတ်မှုကို မပြု၊ ညစ်နွမ်းမှု (အကုသိုလ်)ကို မပြု၊ ကောင်းမှုကို ပြုပြီးဖြစ်၏၊ ကုသိုလ်ကို ပြုပြီးဖြစ်၏၊ ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို ပြုပြီးဖြစ်၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်သူအား ''ငါသည် မကောင်းမှုကို မပြု၊ ကြမ်းကြုတ်မှုကို မပြု၊ ညစ်နွမ်းမှုကို မပြု၊ ကောင်းမှုကို ပြုပြီးပြီ၊ ကုသိုလ်ကို ပြုပြီးပြီ၊ ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို ပြုပြီးပြီ၊ အချင်းတို့. . . . စင်စစ် မကောင်းမှုကို မပြုသော ကြမ်းကြုတ်မှုကို မပြုသော ညစ်နွမ်းမှုကို မပြုသော ကောင်းမှုကို ပြုပြီးသော ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို ပြုပြီးသောသူတို့၏ လားရာ'ဂတိ'ဟူသမျှသို့ ဘဝနောင်ခါ ငါလားရတော့အံ့တကား''ဟု အကြံဖြစ်၏။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ပုဏ္ဏား. . . . သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သောသူဟူသည် ဤသူပင်တည်း။

၁၀။ ပုဏ္ဏား။ ။ ။ ။ နောက်တစ်မျိုးကား— ဤလောက၌ အချို့သော သူသည် သူတော်ကောင်းတရား၌ မယုံမှား၊ ဝေခွဲနိုင်၏၊ ဆုံးဖြတ်နိုင်၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်သူအား ''ငါသည် စင်စစ် သူတော်ကောင်းတရား၌ မယုံမှား၊ ဝေခွဲနိုင်၏၊ ဆုံးဖြတ်နိုင်၏''ဟု အကြံဖြစ်၏။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ပုဏ္ဏား။ ။ ။ ။ သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သောသူဟူသည် ဤသူပင်တည်း။

ပုဏ္ဏား။ ။ ။ ။ သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှမကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော သူတို့သည် ဤလေးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

၁၁။ အရှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ တကား၊ အရှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ တကား။ပ။ အရှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး (ရတနာသုံးပါးကို) ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာ ဟု မှတ်တော်မူပါဟု (လျှောက်၏)။

# အဘယသုတ် မြန်မာပြန် ပြီး၏။

မင်းကွန်းတိပိဋကဆရာတော်ကြီး၏

# မေတ္တာသုတ်တော်လာ မေတ္တာပွားနည်း (၁၁)နည်း

(အားလုံးသံပြိုင်ရွတ်ဆိုရန်)

၁။ လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ, နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၆။ ရှည်–တို–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၇။ ကြီး–ငယ်–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၈။ ဆူ–ကြုံ–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

၁၀။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

၁၁။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

------------

# အမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဖူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏။

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေ၄၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုညာ၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။ ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည်ဖြစ်စေသော်။

ဝသုန္ဒရေ၊ ဤမြေပံသု၊ သီလာထုလည်း၊ သက်သေအမှု တည်စေသော်။

ကုသိုလ်– အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

ကုသိုလ်– အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

ကုသိုလ်– အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

---------

# ဆုတောင်းပါဠိနှင့်နိဿယ

**ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။**

**ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။**

**ဣဒံ မေ ပုညံ ဗောဓိဉာဏဿ ပစ္စယော ဟောတု။**

**ဣဒံ မေ ပုညံ နဝလောကုတ္တရဿ ဓမ္မဿ ပစ္စယော ဟောတု။**

၁။ **မေ**– ဘုရားတပည့်တော်၏။ **ဣဒံပုညံ**၊ ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **အာသဝက္ခယံ**၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ တည်းဟူသော အာသဝေါတရားလေးပါးတို့၏ကုန်ရာ နိဗ္ဗာန်ကို။ **ဝဟံ–ဝဟန္တော**၊ ရွက်ဆောင်နိုင်သည်။ **ဟောတု**၊ ဖြစ်ပါစေသတည်း။

၂။ **မေ**– ဘုရားတပည့်တော်၏။ **ဣဒံပုညံ**၊ ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **နိဗ္ဗာနဿ**၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်၏။ **ပစ္စယော**၊ မျက်မှောက်ပြုနိုင်ပါရန်အကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု**၊ ဖြစ်ပါစေသတည်း။

၃။ **မေ**– ဘုရားတပည့်တော်၏။ **ဣဒံပုညံ**၊ ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **ဗောဓိဉာဏဿ**၊ ဗောဓိဉာဏ်တော်မြတ်၏။ **ပစ္စယော**၊ ရရှိပါစေကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု**၊ ဖြစ်ပါစေသတည်း။

၄။ **မေ**– ဘုရားတပည့်တော်၏။ **ဣဒံပုညံ**၊ ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **နဝ လောကုတ္တရဿ ဓမ္မဿ**၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်တည်းဟူသော ကိုးပါးသော လောကုတ္တရာ တရားတို့အား။ **ပစ္စယော**၊ ရရှိရန်အကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု**၊ ဖြစ်ပါစေသတည်း။

---------

## နတ်ပြဟ္မာများအား ပြန်ပို့ရန် ဂါထာ

**တွေ္တာဝတာ စ အမေ့ဟိ၊ သမ္ဗုတံ ပုညသမ္ပဒံ။**
**သဗ္ဗေ ဒေဝါနု’မောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။**
**ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။**
**ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ’ဂတာ။**

**တွေ္တာဝတာ**၊ ဤမျှကြီးကုတ် စွမ်းအားထုတ်၍ မယုတ်စေရ ပြုလုပ်ရသဖြင့်လည်း။ **အမေ့ဟိ**၊ အဘယသုတ်တော် ရွတ်ပွားပူဇော် သူငါ နှစ်မြို့ အကျွန်ုပ်တို့သည်။ **သမ္ဗုတံ**၊ ယခုအေးမှု နောင်ကျေးပြု၍ တွေးရှုရည်စူး ဖြည့်ဆည်းအပ်သော။ **ပုညသမ္ပဒံ**၊ အပေါင်းစုမြှုပ် ကောင်းမှုထုတ်၍ မယုတ်မယွင်းပြည့်စုံခြင်းကို။ **သဗ္ဗေ**၊ ရှိန်ဝါတောက်လင်းနောက်ပါသင်းတို့နှင့် ခပင်းဥဿုံ၊ အလုံးစုံကုန်သော။ **ဒေဝါ**၊ စကြဝဠာသောင်းတိုက် ပေါင်းတစ်ဝိုက်မှ ရောက်ဆိုက်လာငြား နတ်ပြဟ္မာအများတို့သည်။ **အနုမောဒန္တု**၊ ကြည်လင်မနော ဘဝင်ဖော ဖြင့် လျှင်ဆောဝမ်းမြောက်ကြပါစေကုန်သတည်း။

**သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ**၊ လူ နတ် နိဗ္ဗာန် အကျိုးမှန်ကို မျိုးခံနှီးရင်း ပြီးစီးခြင်းငှာ။ **သဒ္ဓါယ**၊ ကံကြောင့်အကျိုး မထောင့်ညိုးဟု ဖြောင့်ရိုးစွဲကပ် အမြဲမှတ်သဖြင့်။ **ဒါနံ**၊ နည်းသည်များသည် ခြားမရည်ဘဲ ရွှင်ကြည်မြတ်နိုး ဒါနမျိုးတို့ကို။ **ဒဒန္တု**၊ သူတော်ရဟန်း ရည်မျှော်မှန်း၍ လှူဒါန်းတော်မူနိုင်ကြပါစေကုန်သတည်း။ **သီလံ**၊ ပဉ္စ အဋ္ဌ ဒသင်္ဂဟု ကိုယ်မှမချွတ် ကျင့်ခါးဝတ်ကို။ **သဗ္ဗဒါ**၊ နှစ်, လ, တွက်မှတ် ရက်မပြတ်အောင်။ **ရက္ခန္တု**၊ မကျားမပြောက် အမှားမရောက်အောင် စောင့်ရှောက်ထိန်းသိမ်းနိုင်ကြပါစေကုန်သတည်း။ **ဘာဝနာဘိရတာ**၊ သမထ ဝိပဿနာ ချက်နှစ်ဖြာကို ဆက်ကာနေ့ည မွေ့လျော်ကြကုန်သည်။ **ဟောန္တု**၊ ဖြစ်ကြပါစေကုန်သတည်း။ **အာဂတာ**၊ အများညီညာ တရားနာဟု ထားကာစွဲစိတ် ခဲအကျိတ်နှင့် တွဲမိတ်စုဆုံ ရောက်လာကြကုန်သော။ **ဒေဝတာ**၊

အကြောင်းဆက်ကာ သောင်းစကြာက ရောက်လာကြညောင်း နတ်ပြဟ္မာ အပေါင်းတို့သည်။ **ဂစ္ဆန္တု**၊ အဘယသုတ်တော်ရွတ်ပွဲ ပြီးကုန်စဲမို့ နေမြဲရပ်ဘုံ ပြန်တော်မူကြပါကုန်လော့။

---------

# နှိုးဆော်ပန်ကြားလွှာ

ဤစာအုပ်ကို အများပြည်သူသို့ ဖြန့်ဝေလှူဒါန်းလျက်ရှိပါသည်။ ဤသို့လှူဒါန်းရာတွင် ဖြန့်ဝေလှူဒါန်းနိုင်မှုအပေါ် မူတည်၍ ရွတ်ဆိုပူဇော်သူတို့ အရေအတွက် ပိုမိုများပြားလာပြီး ပိုမိုရွတ်ဆိုကြခြင်းအားဖြင့် ကုသိုလ်တရားပိုမိုတိုးပွားပြီး သေခြင်းအကြောက်တရားမှ ကင်းဝေးကာ ဘဝသံသရာကောင်းစားရေးအတွက် အဆင်ပြေစေကြမည် ဖြစ်ပါသည်။

ဤစာအုပ်ကို မိမိကိုယ်တိုင် လှူဒါန်းလိုပါက လိုအပ်သော စာအုပ်အရေအတွက်ကို မှာကြားနိုင်ပါကြောင်းနှင့် မှာကြားသည့်အရေအတွက်များကို ထုတ်ဝေပေးမည် ဖြစ်ပါသည်။ ဤဝန်ကြီးဌာနမှ တစ်ဆင့် လှူဒါန်းပေးစေလိုပါကလည်း သက်ဆိုင်ရာ လှူဒါန်းသင့်သည့်နေရာများသို့ ကူညီဖြန့်ဝေလှူဒါန်းပေးသွားမည် ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသူများရှိပါက –

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

| | |
|---|---|
| အမြဲတမ်းအတွင်းဝန် | ဖုန်း–၀၆၇ ၃၄၀၆၅၀၆ |
| | ၀၆၇ ၃၄၀၈၄၄၁ |
| | ၀၉ ၅၁၀၆၂၇၄ |
| ဒုတိယအမြဲတမ်းအတွင်းဝန် | ဖုန်း–၀၆၇ ၃၄၀၆၀၀၈ |
| | ၀၉ ၄၄၀၇၉၂၃၉၉ |

သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဤစာအုပ်ကို အလွယ်တကူ ပြန်လည်ကူးယူနိုင်ရန်အတွက်– www.mahana.org.mm, www.mora.gov.mm, www.dra.gov.mm, www.dpps.gov.mm, www.kbrl.gov.mm, ww.itbmu.org.mm, သာသနာရေးဆိုင်ရာ ဝဘ်ဆိုက်ခြောက်ခုတို့တွင်လည်း download ဖြင့် ကူးယူ၍ ပူဇော်ဖြန့်ဝေနိုင်ပါသည်။